# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်



## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး

## ဒုတိယပိုင်း အစီအစဉ်

## [ ၂၃-၃- ၂၀၁၈ ] (သောကြာနေ့) နေ့လယ် ၁၃၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်း အစီအစဉ် ကြေညာခြင်း၊

၃။ ဒုတိယသမ္မတလောင်းများ အမည်စာရင်း ကြေညာခြင်း၊

၄။ ဒုတိယသမ္မတလောင်း အမည်စာရင်းတင်သွင်းရာ၌ ( ၂ ) ဦး ရှိသဖြင့် ဆန္ဒမဲ လက်မှတ်ဖြင့် လျှို့ဝှက် ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ခြင်း၊

၅။ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအမည်ကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြမည်ဖြစ်ကြောင်း ကြေညာခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ရပ်နားကြောင်း ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့
# အစည်းအဝေး ဒုတိယပိုင်းမှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**

**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးဒုတိယပိုင်းကို နေ့လယ် ၁၃း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယပိုင်းအစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်းအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ကျင်းပတဲ့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယပိုင်း အစည်းအဝေးမှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး အစည်းအဝေးကို ၃၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ ၉၄.၁၂ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်လာတဲ့အတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ ဒုတိယပိုင်း အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်းအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့ ကျင်းပတဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ပထမပိုင်းမှာ ကိုယ်စားလှယ် ၃၀၇ ဦးတက်ရောက်ခဲ့ပါတယ်။ ဒုတိယပိုင်း အစီအစဉ်မှာ မတက်ရောက်နိုင်တဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်းသို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

များအစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်းမှာ တက်ရောက်သူကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး ဒုတိယပိုင်း အစီအစဉ်သို့ တက်ရောက်သူကိုယ်စားလှယ် ၃၀၄ ဦးရှိကာ နေ့လယ်ပိုင်း ဒုတိယပိုင်းအစီအစဉ် ခွင့်ပန်ကြားသူ ၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် နေ့လယ်ပိုင်း၊

(၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ နေ့လယ်ပိုင်းနှင့်

(၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော နေ့လယ်ပိုင်း တို့ဖြစ်ပါတယ်။ အစီအစဉ် ပထမပိုင်းမှာ ခွင့်ပန်ကြားသူ ၁၆ ဦး၊ အစီအစဉ် ဒုတိယပိုင်းမှာ ခွင့်ပန်ကြားသူ ၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် သူ၏မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစား စွာဖြင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦး ပထမပိုင်းအစည်းအဝေး တွင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယခု ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(ဂ)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဒုတိယပိုင်း အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ ဒုတိယပိုင်းအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယသမ္မတလောင်းများ အမည်စာရင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမပိုင်းမှာ ကိုယ်စားလှယ်များက အဆိုပြုတင်သွင်းတဲ့ ဒုတိယသမ္မတလောင်းနှစ်ဦးရဲ့အဆိုပြုလွှာကို ကျွန်တော်နှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်ရာမှာ ပြည့်စုံစွာဖြည့်သွင်းထားကြောင်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်များက အဆိုတင်သွင်း ထားတဲ့ ဒုတိယသမ္မတလောင်းနှစ်ဦး၏အက္ခရာစဉ်အလိုက် အမည်စာရင်းမှာ-

(၁) ဦးဝင်းမြင့် တာမွေ မဲဆန္ဒနယ်၊

(၂) ဦးသောင်းအေး ပျော်ဘွယ်မဲဆန္ဒနယ် တို့ဖြစ်ပါတယ်။

ဒါကြောင့် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့ အတွက် ဒုတိယသမ္မတတစ်ဦးရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၂ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယသမ္မတလောင်း အမည်စာရင်းတင်သွင်းရာ၌ (၂)ဦးရှိသဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးပွဲ မစတင်မီ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ များအရ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းပြောကြားပါမယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးပွဲကို ကျွန်တော်နဲ့ ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ရဲ့ ရှေ့မှောက်မှာ ပြုလုပ်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ လွတ်လပ်စွာဆန္ဒပြုနိုင်ဖို့အတွက် အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများ စီစဉ်ထားရှိပါတယ်။ ဆန္ဒမဲပေးရာမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျွန်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ရှေ့မှာ ရေတွက်ပြီး ကျွန်တော့်ထံ တင်ပြမှတ်တမ်းတင်ထားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရုံး တာဝန်ရှိဝန်ထမ်းများက ကျွန်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များ

အစုအဖွဲ့ဝင်တို့ရှေ့မှာ ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမှမရှိကြောင်း ပြသပြီး မဲပုံးများကို မြင်သာတဲ့နေရာမှာ ထားရှိမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားတဲ့နေရာမှာ လက်မှတ်ထိုး ထုတ်ယူပြီး သတ်မှတ်ထားတဲ့ လျှို့ဝှက်ဆန္ဒပြုရန် နေရာများမှာ ဆန္ဒပြုရမှာဖြစ်ပါတယ်။ ဆန္ဒပြုရာမှာ ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူတစ်ဦးအား မင်ဖြင့် အမှန်အမှတ်အသားကိုလည်းကောင်း၊ ကျန်ကန့်ကွက်သူများအား မင်ဖြင့် ကြက်ခြေအမှတ်အသားများကိုလည်းကောင်း အထင်အရှားပြုရမှာ ဖြစ်ပါတယ်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိတို့ကိုယ်တိုင် ဆန္ဒမဲပုံးထဲသို့ ထည့်ရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်အပေါ်မှာ မှားယွင်းစွာရေးသားမိပါက ယင်းဆန္ဒမဲ လက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ပေးဖို့ တောင်းခံနိုင်ပါတယ်။ ဆန္ဒမဲ လက်မှတ်အဟောင်းကို လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်က ကြွန်တော့်ရှေ့မှောက်မှာ ချက်ချင်းဖျက်ဆီးပစ်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ ဒုတိယသမ္မတလောင်းတစ်ဦးချင်းရရှိသော ဆန္ဒမဲလက်မှတ်များ ရေတွက်ရာမှာ ပယ်မဲအဖြစ် သတ်မှတ် မယ့်ဆန္ဒမဲလက်မှတ်များကတော့ -

(က) ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့တဲ့ဆန္ဒမဲလက်မှတ်၊

(ခ) ဒုတိယသမ္မတလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားတဲ့ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသားနှင့် ကြက်ခြေအမှတ်အသားများအပ အခြားအမှတ်အသားပြုထား တဲ့ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်တဲ့ဆန္ဒမဲလက်မှတ်၊

(စ) ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထား ခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသောဆန္ဒမဲလက်မှတ်တို့ဖြစ်ပါတယ်။

အထူးသတိပြုရန်မှာ ထောက်ခံသူကို အမှန်အမှတ်အသားတစ်ခုတည်းသာ ပြုလုပ်ပြီး ကန့်ကွက်သူများကို ကြက်ခြေအမှတ်အသားပြုလုပ်ထားခြင်းမရှိသောဆန္ဒမဲလက်မှတ်ကို ပယ်မဲအဖြစ် သတ်မှတ်မည်ဖြစ်ပါတယ်။ ထို့အတူ ထပ်မံရှင်းလင်းတင်ပြလိုတာကတော့ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(စ)အရ ထောက်ခံသူ တစ်ဦးအား မင်ဖြင့် အမှန်အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်သူများအား မင်ဖြင့် ကြက်ခြေ အမှတ်အသားများကိုလည်းကောင်း အထင်အရှားပြုရမှာဖြစ်ပါတယ်။ သေချာအောင်ပြောရ မယ်ဆိုရင် ထောက်ခံမယ့်သူကိုသာ အမှန်အမှတ်အသားပေးပြီး မထောက်ခံတဲ့သူကို မည်သည့် အမှတ်အသားများမပြထားခြင်းကြောင့် အဲဒီမဲလက်မှတ်ဟာ ပယ်မဲဖြစ်သွားပါမယ်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၃ အရ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော်ကလည်း လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်တွေနဲ့အတူ မဲပေးမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးပွဲမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(ဃ) နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ တာဝန်ပေးအပ်ထားတဲ့ ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရေတွက်ပြီး ကျွန်တော့်ထံ ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

[ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက် ၃၅၀ ရွက် ဖြစ်ပါတယ်။ ယနေ့ တက်ရောက်သူ ၃၀၅ ဦးဖြစ်တဲ့အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲ လက်မှတ် ၃၀၅ ရွက်ယူဆောင်မှာဖြစ်ပြီး ကျွန်တော့်ထံမှာ မဲလက်မှတ် ၄၅ ရွက် ကျန်ရှိခဲ့ပါတယ်။ မိမိ စားပွဲပေါ်မှာ ထိန်းသိမ်းထားရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတ တစ်ဦးကို ဆန္ဒပြုရွေးချယ်ဖို့ ဆန္ဒမဲလက်မှတ်များကို အစည်းအဝေးခန်းမအတွင်း သတ်မှတ်ထား သည့်ကောင်တာများရှိ ဝန်ထမ်းများထံမှ လက်မှတ်ရေးထိုးထုတ်ယူဖို့ဖြစ်ပါတယ်။ ဆန္ဒမဲပေးရာမှာ လွယ်ကူစေရန်အတွက် အတန်းအလိုက်ဖိတ်ခေါ်ပေးမှာဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်များရဲ့ ထိုင်ခုံ အကန့်အလိုက် ရှေ့တည့်တည့်မှာရှိတဲ့စားပွဲမှာ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်းလက်မှတ်ရေးထိုး သတ်မှတ်ပေးထားတဲ့နေရာများမှာ ဆန္ဒပြုကြဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ယခု ရှေ့ဆုံး A တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု B တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု C တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု D တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု E တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခွင့်တစ်ခုပေးပါခင်ဗျား။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စောမှ ကျန်းမာရေးမကောင်းပါသဖြင့် ရုတ်တရက်ခွင့်ယူသွားပါသဖြင့် ပျက်ကွက်သူတစ်ဦး ထပ်တိုးရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ အားလုံးကြားသိတဲ့အတိုင်း လွှတ်တော်အခွင့်အရေးကော်မတီကနေပြီးမှ ကိုယ်စားလှယ်တစ်ဦးဟာ ရုတ်တရက်နာမကျန်းဖြစ်လို့ အစည်းအဝေးမတက်နိုင်တဲ့အခြေအနေမျိုးကို အားလုံးတင်ပြသိရှိထားပြီးဖြစ်ပါတယ်။

ဒါကြောင့် အစည်းအဝေးကို တက်ရောက်လာတဲ့သူက အားလုံး ၃၀၄ ဦးဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု F တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု G တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု H နဲ့ I တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု ကျွန်တော်ကိုယ်တိုင်မဲပေးမှာ ဖြစ်ပါတယ်။

[ဥက္ကဋ္ဌကိုယ်တိုင် ဆန္ဒမဲပေးပါသည်။]

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယသမ္မတလောင်းများအား ဆန္ဒမဲပေးလို့ပြီးပါပြီ။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(ဇ)အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကိုက်ညီခြင်းရှိ/မရှိ ရေတွက်ရမှာ ဖြစ်ပါတယ်။ အကယ်၍ ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်က ၃၀၄ မဲ ဖြစ်ပြီးတော့ မဲပုံးထဲက ပြန်လည်စိစစ်ရေတွက်တဲ့အရေအတွက်က ၃၀၄ ထက်ပိုပြီးရှိနေလျှင် နောက်တစ်ကြိမ်ပြန်လည်ပြီး ရွေးချယ်တင်မြှောက်ရမှာ ဖြစ်ပါတယ်။ ထုတ်သွားတဲ့ဆန္ဒမဲလက်မှတ် ၃၀၄ ရှိတဲ့အနက် မဲပုံးထဲက ပြန်ထုတ်တဲ့အခါမှာ ၃၀၄ ထက်လျော့ပြီး ရှိနေလျှင်သော်လည်းကောင်း၊ တူညီနေလျှင်သော်လည်းကောင်း ဒီဆန္ဒမဲပေးပွဲ အောင်မြင်မှာဖြစ်ပါတယ်။ ယခု စတင် ရေတွက်ပါမယ်။

[ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက် ၃၀၄ မဲဖြစ်ပြီး ယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၀၄ မဲဖြစ်တဲ့အတွက် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(ဇ) နည်းဥပဒေခွဲငယ်(၃)အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယသမ္မတလောင်းတစ်ဦးချင်းရရှိတဲ့ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်မှာဖြစ်ပါတယ်။ ပါတီအလိုက် ကိုယ်စားလှယ်များအား ဆန္ဒမဲလက်မှတ်ရေတွက်ရန်နေရာသို့ လာရောက်လေ့လာကြည့်ရှုကြပါရန် ဖိတ်ခေါ်ပါတယ်။

[ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်းနှစ်ဦးရဲ့ ဆန္ဒမဲများကို အားလုံးရဲ့ရှေ့မှောက်မှာ ခွဲခြားရေတွက်လို့ပြီးပါပြီ။ ဆက်လက်ပြီး ဒုတိယသမ္မတလောင်းများရရှိတဲ့ ထောက်ခံဆန္ဒမဲအများ၊ အနည်းအလိုက် အမည်စာရင်းကိုကြေညာပါမယ်-

(၁) ဦးဝင်းမြင့် တာမွေမဲဆန္ဒနယ်က ရရှိတဲ့ ထောက်ခံဆန္ဒမဲ ၂၇၃ မဲ

(၂) ဦးသောင်းအေး ပျော်ဘွယ်မဲဆန္ဒနယ်က ရရှိတဲ့ ထောက်ခံဆန္ဒမဲ ၂၇ မဲ ဖြစ်ပါတယ်။

## ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲမှာ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူကတော့ ဦးဝင်းမြင့်၊ တာမွေမဲဆန္ဒနယ်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဦးဝင်းမြင့်၊ တာမွေမဲဆန္ဒနယ်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအမည်ကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြမည်ဖြစ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၂၃ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒုတိယသမ္မတရဲ့ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြသွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယပိုင်းရပ်နားကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်းပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်းကို ၁၄း၄၅ နာရီအချိန်တွင် ပြီးဆုံးပါသည်။]

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှုက်